# အိုင်ပက်(iPad)ကို နွေရာသီတွင် ဂရုစိုက်ထိန်းသိမ်းခြင်း နှင့် ပြင်ဆင်မှု

## အိုင်ပက်ကို ဂရုစိုက်ရန် (iPad Care)

- သေချာစွာဂရုစိုက်ပြီးသယ်ယူပါ၊ စာအုပ်တအုပ်ကိုသေသေချာချာ မြဲမြန်စွာ ကိုင်တွယ်သကဲ့သို့ကိုင်တွယ်သယ်ယူပါ
- အိုင်ပက်ပေါ်တွင် အစားအစာများ၊ အရည်များတင်၍ စားသောက်ခြင်းမလုပ်ရ
- လေးလံသော အရာဝတ္ထုများကို အိုင်ပက်ပေါ်တင်ခြင်း၊ လေးသော စာအုပ်များကိုအိုင်ပက်ပေါ်တင်ခြင်း၊ အိုင်ပက်ပေါ်ထိုင်ခြင်း များကိုမပြုလုပ်ရ
- အိုင်ပက်ကို အရာဝတ္ထု တခုကဲ့သို့ အဝေးသို့ ပစ်ခြင်းမလုပ်ရ
- အပူချိန်အလွန်မြင့်မား နေသောအချိန်တွင် တိုက်ရိုက်အပူအချိန်နှင့်နေရောင်အောက်တွင်မထားရ၊ ရာသီဥတုအပူချိန်မြင့်မား နေသည့်အချိန်တွင် အိုင်ပက်ကို ကားထဲတွင် မထားရ
- ခြောက်သွေ့သော (သို့မဟုတ်) အနဲငယ် ရေငွေ့ ရှိသော နူးညံ့သော မိုက်ခရိုဖိုက်ဘာ အဝတ်စများဖြင့်သန့်ရှင်းရေးလုပ်ပေးပါ၊ ကြမ်းတမ်းသော ပစ္စည်းများဖြင့် ပေါလစ်တိုက်ခြင်းမပြုလုပ်ရ

## အိုင်ပက်ကို ဂရုစိုက်ရန် (iPad Care)

အိုင်ပက်သည် မြို့နယ်မှထုတ်ပေးသော အိုင်ပက်ကေ့စ်ဖြင့်လာသည်၊ ရည်ရွယ်ချက်မှာ-အိုင်ပက်များကိုသယ်ဆောင်ရာတွင်၎င်း၊အသုံးပြုရာတွင်၎င်း၊ ထိခိုက်ပျက်စီးမှုမရှိစေရန်ဖြစ်သည်၊ အိုင်ပက်၏ဘက်ထရီသက်တမ်းကို ကြာရှည်စွာအသုံးပြုနိုင်ရန် အိုင်ပက်ကို အသုံးမပြုသည့်အခါ လုံးဝပိတ်ထားပြီး အိုင်ပက်၏အဖုံးဖြင့် အိုင်ပက်၏မျက်နှာပြင်ကို ဖုံးအုပ်ထားပါ၊ အိုင်ပက်ကို ၎င်း၏ ကေ့စ်အတွင်း၌သာ အချိန်တိုင်း အမြဲထဲ့ထားရမည်၊ အိုင်ပက်ကေ့အပေါ်တွင် အလှအပများဖြင့် တန်ဆာဆင်ခြင်း၊ မတ်ကာများဖြင့် စာရေးခြင်း၊ ကပ်ခွာ စတစ်ကာများ ကပ်ခြင်းကို အတန်းဆရာများကလုပ်ပေးခြင်းမဟုတ်လျှင် လုံးဝမလုပ်ရ၊ အိုင်ပက်ပေါ်တွင်၎င်း၊ အိုင်ပက်ကေ့စ်ပေါ်တွင်၎င်း၊ အိုင်တီဌာနမှ ကပ်ပေးထားသော စတစ်ကာများကို (asset tag sticker) များကိုမစုတ်ပြဲစေရ၊

## အိုင်ပက် ဘက်ထရီ (iPad Battery)

အိုင်တီဌာနမှအိုင်ပက်နှင့်အတူထုတ်ပေးထားသော အိုင်ပက်အားသွင်းကြိုး၊ ဘရစ် နှင့် ကော့တ်(brick/cord)တို့ဖြင့်အားသွင်းပါ၊ နေ့စဉ်နေ့တိုင်းကျောင်းသို့အိုင်ပက်ကိုယူလာပြီးကျောင်းတွင်အသုံးပြုရန် အိုင်ပက်သည်အမြဲအဆင်သင့်ဖြစ်ပြီးဘက်ထရီသည်အားအပြည့်ရှိနေရမည်၊ ထိုသို့အားအပြည့်ရှိနေရန် အိမ်၌ညတိုင်းအားသွင်းရမည့်တာဝန်မှာ သင်တို့၏တာဝန်ဖြစ်သည်၊ အိုင်ပကဘက်ကထရီသက်တမ်းကြာရှည်စွာအသုံးပြုနိုင်ရန်အလင်းရောင်တောက်ပမှုကိုအနဲငယ်လျှော့ထားရန်လိုသည်၊ အိုင်ပက်များကိုကျောင်းသို့ ပြန်အပ်သည့်အခါ အိုင်ပက်နှင့်သူ၏အားသွင်း ကြိုးများအားလုံးသည် ပန်းသီးအမှတ်တံဆိပ်(Apple-brand bricks/cords) ဖြစ်ရမည်

## အိုင်ပက်မျက်နှာပြင်(iPad Screen)

အိုင်ပက်ပါသော ကျောင်းသား၏ ကျောပိုးအိတ်(a book bag) ကို ဘယ်သောအခါမှတနေရာမှတနေရာသို့ ပစ်ခြင်းမလုပ်ပါနှင့်၊ အိုင်ပက်ထဲ့ထားသော ကျောပိုးအိတ်ထဲတွင် အိုင်ပက်နှင့်အတူ အစားအစာများ၊ အရည်ဗူးများ၊ ချွန်ထက်စူးရှသောအရာဝတ္ထုများကိုအတူ မထဲ့ပါနှင့်၊ အလွန်လေးလံသောပစ္စည်းများကိုလဲ အိုင်ပက်ပေါ်သို့မတင်ပါနှင့်၊ ထိုပစ္စည်းများ အိုင်ပက်ပေါ်သို့ ပစ်ချခြင်း၊ ပြုတ်ကျ ခြင်းများကိုလဲမဖြစ်စေရ၊ ကျောပိုးအိတ်ကိုလဲ ပြစ်ချခြင်းများလဲ မပြုလုပ်ရ၊ အိုင်ပက်သည် အရည်များကိုတုန့်ပြန်ခြင်းနိုင်ခြင်းမရှိပါ၊ ထိုကြောင့် အိုင်ပက်ကို အရည်များ၊ ရေများဖြင့် ပွတ်တိုက်ခြင်းသုတ်ခြင်းမလုပ်ရပါ၊ အိုင်ပက်ကို နူးညံ့သန့်ရှင်းသော လင့်ဖရီး(lint-free cloth)ပိတ်စ တို့ကိုအသုံးပြုရမည်၊ ရေငွေ့ ပြန်စေသည့်ပစ္စည်းများကိုမသုံးပါနှင့်၊ ပြူတင်းပေါက်မှန်ကိုသန့်ရှင်းသည့် အရည်များ၊ အိမ်သုံးပစ္စည်းများကိုသန့်ရှင်းသည့်အရည်များ၊ ပိုးသတ်ဆေးအရည်များ၊ အရက်ပျံများ၊ အမိုးနီးယား (သို့မဟုတ် )ပေါလစ်ရှိသုတ်သည့်ပစ္စည်းများကိုလုံးဝမသုံးရပါ